ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# ၂၀၁၄ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်

# ၂၀၁၄ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၄ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂ ။)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၄ ခုနှစ် ၊ မတ်လ ၂၈ ရက်)

နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၄–၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ် ၊ ဧပြီလ ၁ ရက် နေ့မှစတင် အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့ ၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ ၊တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များသည် တိုင်းဒေသကြီး၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကိုတိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော် ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေး အဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃)၊ နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ ၊ စည်းကမ်းများ ၊ အမိန့်များ ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

၄။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသောရငွေများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၄–၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန် စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးအဆင့် ဦးစီးဌာနများ နှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြု ထားသော သုံးငွေ များအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ပုဒ်မ၃ ပုဒ်မခွဲ(ဂ)အရ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ် များနှင့် စပ်လျဉ်း၍လည်းကောင်း၊တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၄–၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ဂ) ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ မူလခွင့်ပြုငွေ ဘောင်အတွင်း ငွေလုံးငွေရင်းအသုံးစရိတ် လွှဲပြောင်းသုံးစွဲခြင်းနှင့် ထပ်မံလိုအပ်လျက်ရှိသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်တို့အား တိုင်းဒေသကြီး၏ ပိုလျှံအပ်နှံငွေများမှ လွှဲပြောင်းသုံးစွဲခြင်းတို့နှင့် ပတ်သက်၍ အကျိုးအကြောင်း ရှင်းလင်းဖော်ပြချက်များနှင့် အတူအနီးစပ်ဆုံး တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူပြီး ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဃ) တိုင်းဒေသကြီးအစိုးရအဖွဲ့သည် အဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၁)နှင့် (၃)တို့တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း လျော့ခြင်းနှင့်စပ်လျဉ်း၍သော် လည်းကောင်း၊ ဤဥပဒေ၏ ဇယား(၂)နှင့်(၄)တို့အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သုံးငွေများတွင် သာမန်သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ငွေလုံးငွေရင်းသုံးငွေများတွင်လုပ်ငန်းစီမံကိန်းများပြောင်းလဲခြင်းမရှိဘဲမူလစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်း နှင့်စပ်လျဉ်း၍သော် လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ထိုသို့ ရငွေများနှင့် သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြသော ၂၀၁၄–၂၀၁၅ ခုနှစ် အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(င) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့်ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော် လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်းလုပ်ငန်း စီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ တိုင်းဒေသကြီး လွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

ထိုသို့ ရငွေများနှင့်သုံးငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ခွင့်ပြုချက် ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(စ) တိုင်းဒေသကြီး အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း ၊ရင်းနှီး မြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့် ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

၅။ တိုင်းဒေသကြီးအဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၃

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

၆။ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ (က) ဇယား(၅) နှင့်(၆)တို့တွင်ဖော်ပြထားသောငွေများသည် တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေ နှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား(၅) နှင့်(၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီဆောင်ရွက်ရမည်။

(ဃ) တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၅)တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ဤဥပဒေ၏ ဇယား(၆)အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သုံးငွေများတွင် သာမန်သုံးငွေနှင့်ငွေလုံးငွေရင်းသုံးငွေများ လွှဲပြောင်းသုံးစွဲခြင်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဤဥပဒေ၏ ပုဒ်မ ၄ ၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ(ဂ)နှင့်ပုဒ်မခွဲ(ဃ)တို့တွင် ဖော်ပြ ထားသည့်အတိုင်း၊ တိုင်းဒေသကြီးလွှတ်တော်၏ အတည် ပြုချက်ဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်း နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော သာမန်အသုံးစရိတ်နှင့် ငွေလုံးငွေရင်းအသုံးစရိတ် ငွေများပြောင်းလဲခြင်းကို ကိစ္စ တစ်ရပ်ချင်းအကျိုးအကြောင်းဖော်ပြချက် များနှင့် အတူ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးကပ်ဆုံးကျင်းပသည့် တိုင်းဒေသကြီးလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ခအး
၂၈ - ၃ - ၂၀၁၄
(သာအေး)
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီး၊အစိုးရအဖွဲ့

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့်<br>နိုင်ငံတော်ပိုင် စီးပွားရေး<br>အဖွဲ့အစည်းများမှရငွေ | အခြား<br>သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း<br>ရငွေ | ပြည်ထောင်စု<br>ထောက်ပံ့ငွေမှ<br>ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ<br>တွင်ရင်းနှီးငွေမှ<br>ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ<br>အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီး<br>ဝန်ကြီးချုပ် သို့မဟုတ်<br>တိုင်းဒေသကြီး<br>ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၆၄ .၆၁၁ | | | ၄၇၀၀ .၀၀၀ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီး<br>လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ်<br>တိုင်းဒေသကြီး<br>လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | တိုင်းဒေသကြီး<br>တရားလွှတ်တော်တရားသူကြီးချုပ်<br>သို့မဟုတ် တိုင်းဒေသကြီး<br>တရားလွှတ်တော်တရားသူကြီးချုပ်က<br>တာဝန်ပေးသူ | | | ၅၈ .၁၀၆ | | | | | | |

တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၅၇၀ | | | | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၂၀၀ | | | | | | |
| | ပေါင်း | | | | ၁၂၃.၅၆၇ | | | ၄၇၀၀.၀၀၀ | | | |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၅၀၆ .၀၃၃ | | ၄၇၀၀ .၀၀၀ | ၁၅၃၂၂ .၀၇၆ | | | |
| ၂ | လွှတ်တော် | တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၃၃ .၀၁၄ | | | ၈၂၀၁ .၄၃၀ | | | |
| ၃ | တရားရုံးများ | တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၄၈ .၀၀၀ | | | | | | |

## တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၂)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၄ | ဥပဒေရုံးများ | တိုင်းဒေသကြီး ဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီး ဥပဒေချုပ်က တာဝန်ပေးသူ | ၅၄၉.၀၂၀ | | | ၁၃၀.၃၀၀ | | | |
| ၅ | စာရင်းရုံးများ | တိုင်းဒေသကြီး စာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁၁၅၀.၆၁၉ | | | ၂၃၃.၀၅၀ | | | |
| | ပေါင်း | | ၃၀၀၇.၄၀၆ | | ၄၇၀၀.၀၀၀ | ၂၃၀၀၇.၆၅၆ | | | |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူ ပြည်သားများသုံးစွဲမှုအပေါ် တွင်ကောက်ခံသည့်အခွန်အကောက် | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၁၃.၉၃၄ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၆၁၃.၉၃၄ | | | | | | | | |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | | | | | | | | | |
| | ၃ | သယ်ယူပို့ဆောင်ရေးအခွန် | | | | | | | | | | |
| ၂ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၄င်း | ၃၆၄၄.၆၉၀ | | | | | | | | |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၂၇၂၁.၂၀၁ | | | | | | | | |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | ၀.၁၅၀ | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၂၉၇.၀၆၅ | | | | | | | | |
| | ၄ | ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့် အတွက်ကောက်ခံသည့်အခွန် | | ၃၁.၀၀၅ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၅၉၄.၃၉၇ | | | | | | | | |
| ၃ | | စည်ပင်သာယာရေးကော်မတီများနှင့်စည်ပင် သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန် | ၄င်း | ၉၅၅.၁၅၀ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၇၂၀.၉၃၉ | | | | | | | | |
| | ၂ | ဘီးခွန် | | ၂၂၆.၂၁၁ | | | | | | | | |
| ၄ | | တိုင်းဒေသကြီး၏စီးပွားရေး အဖွဲ့အစည်းများမှရငွေ | ၄င်း | | | | | | | | | |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆက်

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၅.၂၂၈** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေး | | | | ၄.၂၀၃ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေး | | | | ၀.၀၂၅ | | | | | | |
| | ၃ | မီးသတ် | | | | ၁.၀၀၀ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | **၈.၀၅၇** | | | | | | |
| | ၁ | သမဝါယမ | | | | ၆.၅၅၇ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်း | | | | ၁.၅၀၀ | | | | | | |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | | | **၁၆၂.၉၄၂** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေး | | | | ၁၅၀.၄၈၈ | | | | | | |
| | ၂ | စိုက်ပျိုးရေး | | | | ၇.၃၆၀ | | | | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေး | | | | ၅.၀၉၄ | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | **၃၂.၅၀၃** | | | | | | |
| | ၁ | ငါးလုပ်ငန်း | | | | ၉.၁၅၃ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေး | | | | ၂၃.၄၃၀ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၎င်း | | | **၁၉.၇၀၄** | | | | | | |
| | ၁ | သစ်တော | | | | ၁၉.၄၇၅ | | | | | | |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြေရေး | | | | ၀.၃၀၉ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | | | **၀.၀၅၀** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာ | | | | ၀.၀၅၀ | | | | | | |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၃)။ ။အဆုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁၁ | | **ဘဏ္ဍာရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | ၃၃၀.၉၃၉ | ၀.၉၅၀ | | | ၁၆၉၄၄၉.၃၅၄ | ၂၂၉.၀၁၄ | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း | | | ၃၃၀.၉၃၉ | ၀.၉၅၀ | | | ၁၆၉၄၄၉.၃၅၄ | ၂၂၉.၀၁၄ | | |
| ၁၂ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | | | ၀.၀၆၉ | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေး | | | | ၈.၀၆၉ | | | | | | |
| ၁၃ | | **ဆောက်လုပ်ရေး** | ၄င်း | | | ၇၇.၉၀၂ | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး | | | | ၁၇.၉၀၂ | | | | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၆၀.၀၀၀ | | | | | | |
| ၁၄ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | | | ၀၄၄၅.၆၂၅ | | | | | | |
| | | ပေါင်း | | ၅၂၁၃.၇၀၂ | ၃၃၀.၉၃၉ | ၀၇၅၃.၂၄၀ | | | ၁၆၉၄၄၉.၃၅၄ | ၂၂၉.၀၁၄ | | |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၁၃၃၃၉.၇၀၀** | | **၂၀.၀၀၀** | **၁၄၁၅၃.၉၄၀** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေး | | ၁၀၆၀၀.၄၅၆ | | ၂၀.၀၀၀ | ၄၃၃၅.၃၀၀ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေး | | ၁၄၀.၅၅၀ | | | - | | | |
| | ၃ | မီးသတ် | | ၂၅၀၂.၇၀၂ | | | ၉၀၁၀.၆၄၀ | | | |
| ၂ | | **သမဝါယမ** | ၄င်း | **၁၇၀၉.၂၃၄** | | | **၃၅၂၃.၀၅၅** | | | |
| | ၁ | သမဝါယမ | | ၁၇၆၀.၇၄၃ | | | ၃၄၉၃.၃၅၅ | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်း (အထက်တန်းရက်ကန်းကျောင်း–မုံရွာ) | | ၂၀.၄၉၁ | | | ၂၉.၇၀၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၄င်း | **၇၀၉၉.၃၇၂** | | | **၅၃၉.၄၉၆** | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေး | | ၄၆၂၉.၉၃၉ | | | ၂၂၃.၇၉၆ | | | |
| | ၂ | စိုက်ပျိုးရေး | | ၂၃၇၁.၀၀၇ | | | ၃၆.၀၀၀ | | | |
| | ၃ | စက်မှုသီးနှံဖွံ့ဖြိုးရေး | | ၀၉၇.၅၄၆ | | | ၂၇၉.၇၀၀ | | | |
| ၄ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၄င်း | **၁၀၀၅.၀၉၆** | | | **၅၆၃.၂၅၀** | | | |
| | ၁ | ငါးလုပ်ငန်း | | ၄၁၇.၅၉၄ | | | ၄၃၃.၉၅၀ | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေး | | ၅၀၀.၃၀၂ | | | ၁၂၉.၃၀၀ | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | ၄င်း | **၂၉၀၂.၂၀၃** | | | **၃၁၁.၀၅၅** | | | |
| | ၁ | သစ်တော | | ၂၁၅၀.၃၀၉ | | | ၉၀.၄၆၄ | | | |
| | ၂ | အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး | | ၆၀၄.၁၇၀ | | | ၁၁၅.၃၉၁ | | | |
| | ၃ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး | | ၆၇.၇၂၄ | | | ၁၀၆.၀၀၀ | | | |

## တိုင်းဒေသကြီးအဆင့်ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၄)။ ။အသုံး

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၆ | | **အားကစား** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၂၉၉ ·၉၉၁** | | | **၂၁၃၅ ·၇၄၆** | | | |
| | ၁ | အားကစားနှင့်ကာယပညာ | | ၂၉၉ ·၉၉၁ | | | ၂၁၃၅ ·၇၄၆ | | | |
| ၇ | | **ဘဏ္ဍာရေး** | ၄င်း | **၉၀ ·၀၉၇** | | | **၂၀၃ ·၀၀၄** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်း | | ၉၀ ·၀၉၇ | | | ၂၀၃ ·၀၀၄ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | ၄င်း | **၇၉၄ ·၁၆၁** | | | **၃၂၀ ·၅၀၀** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေး | | ၇၉၄ ·၁၆၁ | | | ၃၂၀ ·၅၀၀ | | | |
| ၉ | | **ဆောက်လုပ်ရေး** | ၄င်း | **၅၄၇၆၄ ·၄၇၄** | | | **၄၀၆၆၀ ·၀၀၀** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး | | ၁၇၆ ·၉၃၀ | | | ၃၂၆၀ ·၀၀၀ | | | |
| | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | ၅၄၅၈၇ ·၅၃၆ | | | ၃၇၄၀၀ ·၀၀၀ | | | |
| ၁၀ | | **အလုပ်သမား** | ၄င်း | **၄၀ ·၇၃၃** | | | – | | | |
| | ၁ | ဗဟိုပြည်တွင်းကုန်တင်ကုန်ချကော်မတီရုံး | | ၄၀ ·၇၃၃ | | | – | | | |
| ၁၁ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၄င်း | **၃၉၅၆ ·၆၂၂** | | | **၅၆၇၃ ·၁၆၇** | | | |
| | | ပေါင်း | | ၈၆၀၉၁ ·၃၇၅ | | ၂၀ ·၀၀၀ | ၆၀၁၆၄ ·၀၂၁ | | | |

## တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၅)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှရငွေ | အခြားသာမန် ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများ တွင်ရင်းနှီးငွေမှ ရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြန်ကြားရေး** | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၈ .၀၀၀ | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင် | | | | ၂၈ .၀၀၀ | | | | | | |
| ၂ | | **လျှပ်စစ်စွမ်းအား** | ၎င်း | | | – | | | | | | |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး | | | | – | | | | | | |
| ၃ | | **သတ္တုတွင်း** | ၎င်း | | | ၇ .၆၅၀ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒ ပစ္စည်းထွက်လုပ်ရေးနှင့်ရောင်းဝယ်ရေး | | | | ၇ .၆၅၀ | | | | | | |
| ၄ | | **ဆောက်လုပ်ရေး** | ၎င်း | | | ၄၀၁၂၄ .၇၉၆ | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေး | | | | ၄၀၁၂၄ .၇၉၆ | | | | | | |
| | | ပေါင်း | | | | ၄၀၁၆၀ .၄၄၆ | | | | | | |

# တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | ပြန်ကြားရေး | တိုင်းဒေသကြီး ဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၅.၆၇၅ | | | ၁၆.၀၀၀ | | | |
| | ၁ | မြန်မာ့ရုပ်ရှင် | | ၂၅.၆၇၅ | | | ၁၆.၀၀၀ | | | |
| ၂ | | **လျှပ်စစ်စွမ်းအား** | ၄င်း | - | | | ၁၆၂၄.၀၀၀ | | | |
| | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေး | | - | | | ၁၆၂၄.၀၀၀ | | | |
| ၃ | | **သတ္တုတွင်း** | ၄င်း | ၃၅.၉၁၁ | | | | | | |
| | ၁ | မြန်မာ့ဆားနှင့်အဏ္ဏဝါဓါတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေး | | ၃၅.၉၁၁ | | | | | | |
| ၄ | | **ဆောက်လုပ်ရေး** | ၄င်း | ၄၇၃၅၉.၄၉၈ | | | ၃၅၆.၇၅၀ | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေး | | ၄၇၃၅၉.၄၉၈ | | | ၃၅၆.၇၅၀ | | | |
| | | ပေါင်း | | ၄၇၄၂၀.၀၀၄ | | | ၁၉၉၆.၇၅၀ | | | |